ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၆၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဒုတိယဥက္ကဋ္ဌဦးမြညိမ်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၆၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားကြီးများနှင့်ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၄)ရက်မြောက်

နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၀.၄၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၆၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကျန်းမာရေးမကောင်း။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကျန်းမာရေးမကောင်း။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေးမကောင်း။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကံညွန့်၊ စစ်ကိုင်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အစည်းအဝေး။ ဦးစံပြည့်၊ ကချင်(၇)၊ ငင်းအတိုင်း။ ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ ငင်းအတိုင်း။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ငင်းအတိုင်း။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ငင်းအတိုင်း။ ဦးတင်ရှုန်၊ တနင်္သာရီ(၆)၊ ငင်းအတိုင်း။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈) ငင်းအတိုင်း။ ဦးကျော်သူဦး၊ မကွေး(၅)၊ ငင်းအတိုင်း။ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ငင်းအတိုင်း။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ငင်းအတိုင်း။ ဦးဉာဏ်လင်း၊ ဧရာဝတီ(၃)၊ ငင်းအတိုင်း။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅) ငင်းအတိုင်း။ ဗိုလ်မှူးကျော်နိုင်ဌေး၊ တပ်မတော်၊ ငင်းအတိုင်း။ ဗိုလ်မှူးသိန်းဘိုဘိုထွေး၊ တပ်မတော်၊ ငင်းအတိုင်း။ ဦးခင်အောင်မြင့်၊ မန္တလေး(၈)၊ ကျန်းမာရေး။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ကျန်းမာရေးဆေးစစ်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ခုတင်(၁၀၀၀)တွင် ဆေးစစ်ရန်။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကျန်းမာရေးဆေးစစ်ရန်။

ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ဆေးခန်းပြရန်။ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်(၁)၊ ကျန်းမာရေး ဆေးကုသရန်။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ကြပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ ပထမ အကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၆၄)ရက်မြောက်နေ့ကို တက်ရောက် ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြု ထားသူ(၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေ ကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့အဝင် ကုလားတန်မြစ်ကူး သံကူကွန်ရက်တံတား သို့မဟုတ် သင့်တော်သော တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က ချင်းပြည်နယ်၊ ပလက်ဝမြို့အဝင် ကုလားတန်မြစ်ကူး သံကူကွန်ရက်တံတား သို့မဟုတ် သင့်တော်သော တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ပြည်သူ့လွှတ်တော်မှာ မကြာခင်ကမေးကြပြီး ဆောင်ရွက်ပေးမည်ဟု ဖြေကြားပြီးဖြစ်သော်လည်းပဲ ကျွန်တော် တင်ပြီးသား ဖြစ်တဲ့အတွက် ဆက်လက်ပြန်လည်မေးမြန်းခြင်းဖြစ်ပါတယ်။ ဆောင်ရွက်ပေးမည်ဟု ဖြေကြားပြီး ဖြစ်တဲ့အတွက် ဝန်ကြီးဌာနကိုလည်း အထူးကျေးဇူးတင်ရှိကြောင်းကြိုတင်တင်ပြအပ်ပါတယ်။


ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် ပလက်ဝမြို့နှင့် ဆက်သွယ်လျက်ရှိသော မတူပီ၊ ရေဇွာ၊ ဟားခါး၊ ဖလမ်းနှင့် ကလေးမြို့သို့ ဆက်သွယ်သော ကားလမ်းသည် ဧပြီလ (၆) ရက်၊၂၀၁၅ နေ့၌ ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ သို့သော် ကားများပလက်ဝမြို့အတွင်းသို့ တိုက်ရိုက်ဝင်ရောက် နိုင်ရေးအတွက် ကုလားတန်မြစ်ကူးတံတားမရှိသေးပါသဖြင့် အခက်အခဲအလွန် ရှိနေပါတယ်။ သို့ပါ၍ ကုလားတန်မြစ်တံတားကို သံကူကွန်ရက်တံတားသို့မဟုတ် သင့်လျော်သော တံတားတစ်စင်း တည်ဆောက်ပေးရန် အထူးလိုအပ်ပါတယ်။ ဤတံတားတည်ဆောက်ပေးပါက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွက်သာမကဘဲ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း တို့ပါဆက်သွယ်သွားလာရန် အထူး လိုအပ်နေသော တံတားဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအပြင် ဒီတံတားသည် ကျောက်တော်၊ ပလက်ဝ၊ မီဇိုရမ်နှင့် အဝေးပြေး ကားလမ်းဆက်သွယ်သည့် အိန္ဒိယ-မြန်မာ ကုလားတန်မြစ်ဖွံ့ဖြိုးရေး၏ အစီအစဉ် ဖြစ်ပါတယ်။ ကုလားတန်မြစ်ရဲ့အရှေ့ဘက်ခြမ်းမှာ အိန္ဒိယနိုင်ငံက တည်ဆောက်တဲ့ဆိပ်ကမ်းရှိပြီး အနောက် ဘက်မှာ ပလက်ဝမြို့ရှိပါတယ်။ ဒါကြောင့်မို့လို့ အရှေ့နဲ့အနောက်ဆက်သွယ်တဲ့ ကုလားတန် မြစ်ကြီး မှာ တံတားကြီး၊ ကားအချိန်မရွေးသွားနိုင်တဲ့ တံတားအထူးလိုအပ်ပါသဖြင့် အောက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ပလက်ဝမြို့အဝင်ကုလားတန်မြစ်တွင် သင့်လျော်သော တံတား တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိ။ တည်ဆောက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလ၌ တည်ဆောက် ပေးနိုင်မည်နည်း။ ကျေးဇူးတင်ပါတယ်။

ချင်းပြည်နယ်၊ ကျောက်တော်-ပလက်ဝလမ်းပေါ်ရှိ ကုလားတန်မြစ်ကူး (ပလက်ဝ)တံတား တည်နေရာပြပုံ (မမ)





ကုလားတန်မြစ် (ပလက်ဝ)တံတား (မမ-၁)




ရေလမ်းကင်လွတ်အကျယ် = ၂၀၀ ပေ
ရေလမ်းကင်လွတ်အမြင့် = ၅၀ ပေ

| Constant | Existing RL |
|---|---|
| 0'-0" | 120'-0" |
| +50'-0" | 88'-0" |
| +100'-0" | 72'-0" |
| +150'-0" | 56'-0" |
| +200'-0" | 32'-0" |
| +250'-0" | 24'-0" |
| +300'-0" | 20'-0" |
| +350'-0" | 17'-0" |
| +400'-0" | 22'-0" |
| +450'-0" | 24'-0" |
| +500'-0" | 28'-0" |
| +550'-0" | 31'-0" |
| +600'-0" | 32'-0" |
| +650'-0" | 34'-0" |
| +700'-0" | 36'-0" |
| +750'-0" | 38'-0" |
| +800'-0" | 40'-0" |
| +850'-0" | 66'-0" |
| +900'-0" | 80'-0" |
| +950'-0" | 83'-0" |
| +1000'-0" | 84'-0" |
| +1050'-0" | 84'-0" |
| +1100'-0" | 85'-0" |
| +1150'-0" | 85'-0" |
| +1200'-0" | 120'-0" |
| +1250'-0" | 120'-0" |
| +1300'-0" | 120'-0" |

ကုလားတန်မြစ် (ပလက်ဝ)တံတား (မမ-၂)




**အချိန်၊ ၁၀း၁၁။**

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အထူး ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး သုခမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန် ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ချင်းပြည်နယ်၊ အမှတ်(၉)မဲဆန္ဒ နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးပေါ်လျှံလွင် မှ မေးမြန်းထားတဲ့ ပလက်ဝမြို့အဝင် ကုလားတန်မြစ်ဝမှာ တံတားတစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ပတ်သက်တဲ့ မေးခွန်း အား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့ဟာ ချင်းပြည်နယ်ရဲ့တောင်ပိုင်း အကျဆုံးမြို့ဖြစ်ပါတယ်။ ဒီမှာတံတားတည်ဆောက်ပေးဖို့နဲ့ပတ်သက်ပြီးတော့ ကျွန်တော် Power Pointနဲ့ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီနေရာက ပလက်ဝမြို့ရဲ့နေရာ ဖြစ်ပါတယ်။ အခုနကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်း ပလက်ဝမြို့နဲ့ မျက်နှာချင်းဆိုင် ဒီဖြူဖြူ လေးနေရာဟာ ဒါ ကျွန်တော်တို့ ဒါ ဆိပ်ကမ်းဖြစ်ပါတယ်။ ဒါကြောင့်မို့ပလက်ဝမြို့ဟာ ယခင်တုန်းက ဆိုလို့ရှိရင်တော့ ကားလမ်း အဆက်အသွယ်မရှိဘဲနဲ့ ရေလမ်းကြောင်းကိုသာ အားကိုးပြီး ကုလားတန် မြစ်ကို အားကိုးပြီးတော့ သွားနေရတဲ့မြို့တစ်မြို့ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီဘက်အစိုးရလက်ထက်မှာတော့ ပလက်ဝကနေပြီးတော့ ဒီလိုကားလမ်းတွေကျွန်တော်တို့ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ကျောက်တော်ကနေပြီးတော့လည်း ပလက်ဝအထိလည်း ပလက်ဝအထိကားလမ်းဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုကားလမ်းတွေကို ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါမှာ ဒီမှာကုလားတန်မြစ်ရဲ့ဘေးမှာကပ်လျက်က ကျောက်တောင်ကြီးတွေ ဖြစ်ပါတယ်။ နှစ်ဘက်စလုံးဟာ။ ဒါကြောင့်မို့ ကျွန်တော်တို့က ဒီလမ်းဖောက်တဲ့အခါမှာ ဒီကျောက်တောင် ကြီးတွေကို ရှောင်ပြီးတော့ ကျောက်တောင်ဘေးက နည်းနည်းပြေပြန့်တဲ့ နေရာကနေပြီးတော့ ကျွန်တော်တို့ လမ်းကို ဒီလိုဖောက်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ တံတား တည်ဆောက်မယ်ဆိုရင် ဒီပလက်ဝမြို့နဲ့ အနီးဆုံးနေရာမှာ တည်ဆောက်နိုင်ခြင်း မရှိဘဲနဲ့ ဒီနေရာမှာ လာရောက်ရွေးချယ်ပြီးတော့ တည်ဆောက် ရခြင်းဖြစ်တယ်ဆိုတာကို တင်ပြလိုပါတယ်။

အဲဒီတော့ ဒုတိယအနေနဲ့ကတော့ ဒီမှာကတော့ ကျွန်တော်တို့ တံတားနဲ့ပတ်သက်ပြီးတော့ ကြိုတင်လေ့လာ ဆန်းစစ်မှုများပြုလုပ်တဲ့အခါမှာ ဒီပလက်ဝတံတားကို အခုန ကျွန်တော်တင်ပြသွားတဲ့နေရာမှာ တည်ဆောက်လို့ရှိရင် ပေ (၁၂၀၀) ရှည်မှာဖြစ်ပါတယ်။ အဲဒီတော့ ဒီကုလားတန်မြစ်ကို ပြန်ကြည့်လို့ ရှိရင်လည်း ကုလားတန်မြစ်ရဲ့ low water level ဟာ (၄၀) ရှိပါတယ်။ heigh water level က (၅၀) ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကဒီမှာ ဒီကုလားတန်မြစ်ကို တည်ဆောက်တဲ့အခါမှာ ကမ်းတည်ငြိမ် တဲ့နေရာကို ရွေးပြီးတော့ ကျွန်တော်တို့ တည်ဆောက်တာဖြစ်ပါတယ်။

အဲဒီတော့ ဒီမှာ ကျွန်တော်တို့ ဒီတံတားကိုတည်ဆောက်မယ်ဆိုလို့ရှိရင် ဒီကုလားတန်မြစ်က ကျွန်တော်တို့အရှေ့မှာရှိခဲ့တဲ့ ကစ္ဆပနဒီတံတား ရှိပါတယ်။ အဲဒီကစ္ဆပနဒီတံတားရဲ့ ရေကင်းလွတ် အမြင့်ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်တို့ ပေ(၅၀)ထားပါတယ်။ ဒီမှာကျွန်တော် တင်ပြခဲ့တဲ့အတိုင်း ပလက်ဝမြို့ရဲ့ တစ်ဘက်ကမ်းမှာလည်း ဆိပ်ကမ်းရှိတဲ့အတွက် ဒီမှာကျွန်တော်တို့ သင်္ဘောကြီးများ ဝင်ထွက်တဲ့အခါ လုံလောက်တဲ့အမြင့်ရရှိအောင် ကျွန်တော်တို့ ကင်းလွတ် အမြင့်ကို ပေ (၅၀) ထားရှိမှာ ဖြစ်ပါတယ်။ ထို့အတူပဲရေလမ်းကင်းလွတ်အကျယ်ကိုလည်း ကျွန်တော်တို့ ပေ(၂၀၀) ရရှိအောင် ထားမှာဖြစ်ပါတယ်။ ဒီအတွက်ကျွန်တော်တို့က ဒီမှာ (၂၄၀) ရှည်တဲ့သံဘောင်နှစ်ခု ကျွန်တော်တို့ ထားခြင်းအားဖြင့် clear spanအနေနဲ့ (၂၀၀) ရရှိမှာ ဖြစ်ပါတယ်။

ဒီလိုကျွန်တော်တို့ ကြိုတင်ပြီးတော့ concept plan အနေနဲ့ ဒါတွေကို ကျွန်တော်တို့ စူးစမ်းလေ့လာပြီးတော့ တိုင်းတာပြီးပါပြီ။ ရေးဆွဲပြီးပါပြီ။ ဒီအတွက်ကြောင့်မို့ ဒီတံတားနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့ဘက် အသေးစိတ်ကုန်ကျမယ့်ငွေများကို ပြန်လည်တွက်ချက်ပါမယ်။ တွက်ချက် ပြီးလို့ရှိရင် ရရှိတဲ့ငွေပမာဏကို ကျွန်တော်တို့ နိုင်ငံရဲ့ဒုတိယ (၅)နှစ်စီမံကိန်းရဲ့ ပထမနှစ်ဖြစ်တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဒီတံတားကြီးတည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရနဲ့ ပြည်ထောင်စုလွှတ်တော်ကို တင်ပြပြီးတော့ ဆက်လက်ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် မေးခွန်းများသည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက

ဖြေကြားရမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် ခပေါင်းဆည်၏ ဆည်ရေပေးဝေရေး ပင်မမြောင်းများနှင့် လက်တံမြောင်းများ ဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး က ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် ခပေါင်းဆည်၏ ဆည်ရေပေးဝေရေး ပင်မမြောင်းများနှင့် လက်တံမြောင်းများ ဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများ အတွက် လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါတဲ့ ဒုတိယ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ယနေ့အမျိုးသားလွှတ်တော် အစည်း အဝေးသို့တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြမေးမြန်းသွားမှာကတော့ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၊ ခပေါင်းဆည်၏ ဆည်ရေပေးဝေရေး ပင်မမြောင်းများနှင့် လက်တံမြောင်းများ ဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီခပေါင်းဆည်စီမံကိန်းကို ၂၀၀၁ ခုနှစ်မှာ စတင်ပြီးတော့၊ အကောင်အထည်ဖော်ခဲ့ပြီးတော့ ဆည်ရေပေးဝေခြင်းစနစ်ကိုတော့ ၂၀၀၆ ခုနှစ်မှာ စတင် အကောင်အထည်ဖော်ခဲ့တာ ဖြစ်ပါတယ်။ ဒီခပေါင်းဆည်ကြီးမှာ ကျွန်တော်တို့ လက်ယာပင်မတူးမြောင်း ကြီးနဲ့ လက်ဝဲပင်မတူးမြောင်းကြီးဆိုတဲ့ အဓိကတူးမြောင်းနှစ်ခုရှိပါတယ်။ ဒီနှစ်ခုမှာ လက်ယာ တူးမြောင်း ဟာ အုတ်တွင်းမြို့နယ်ကို ရေပေးဝေပြီးတော့ လက်ဝဲတူးမြောင်းဟာ တောင်ငူ မြို့နယ်ကို ရေပေးဝေတာ ဖြစ်ပါတယ်။ အုတ်တွင်းမြို့နယ်ကို ရေပေးဝေတဲ့ လက်ယာ တူးမြောင်းကြီးကနေပြီး တော့ DY-1၊ DY -2၊ DY-3၊ DY-4၊ DY-5 ဆိုတဲ့ လက်တံမြောင်း (၅)ခုရှိပါတယ်။ ဒီလက်ယာ မြောင်းတူး မြောင်းကြီးနဲ့ လက်တံမြောင်း(၅)ခုဟာ အုတ်တွင်းမြို့နယ်ရဲ့ ကျောင်းရှစ်ဆယ်ဒေသ၊ ကွဲ့ပွဲ့ဒေသ၊ အုတ်တွင်းဒေသမှာရှိတဲ့ ကျေးရွာ အုပ်စုများနဲ့ ကျေးရွာခွဲများစွာရဲ့ လယ်ကွင်းတွေကို ဖြတ်သန်း ဖောက်လုပ်ထားတာပဲ ဖြစ်ပါတယ်။

ခပေါင်းဆည်ရေသောက် စီမံကိန်းကြီးကြောင့် ပင်မမြောင်းနှင့် လက်တံမြောင်းများ စီးဆင်း သွားရာတစ်လျှောက် ရေရရှိတဲ့ လယ်မြေများအတွက်တော့ မိုးရေကိုမျှော်စရာမလိုဘဲ ဆည်ရေကို အသုံးပြုပြီး နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများကို စိုက်ပျိုးနိုင်တဲ့အတွက် ဒေသခံ လယ်သမား များအတွက် ထိုက်သင့်တဲ့ အကျိုးဖြစ်ထွန်းမှုရှိတာကိုလည်း တွေ့ရှိပါတယ်။ သို့သော်လည်း လယ်မြေရဲ့

အလယ်တည့်တည့်ကနေ ခါးကိုဖြတ်ပြီးတော့ ပင်မမြောင်းကြီးတွေ အဖောက်ခံလိုက်ရတဲ့ လယ်သမား။ တချို့လယ်သမားတွေဆိုရင် လယ်ဧက (၅) ဧက၊ (၆)ဧက ပိုင်ဆိုင်ထားတဲ့လယ်သမားဟာ သူတို့ရဲ့ ဒီ (၅)ဧက၊ (၆)ဧက လယ်၊ အလယ်တည့်တည့် ခါးလယ်ခေါင်ကနေပြီးတော့ ပင်မမြောင်းကြီး ဖြတ်သန်းဖောက်လိုက်ခြင်းခံရတဲ့အခါ ဒီ လယ်သမားတွေဟာ လယ်လုပ်စားစရာလယ်မြေ မကျန်တော့ဘဲနဲ့ လွန်စွာမှစီးပွားရေးအရ အခက် အခဲ၊ အကြပ်အတည်းကျရောက်ရတဲ့ အနေအထားမျိုး ဖြစ်သွားသလို လယ်မဲ့ယာမဲ့ဘဝမျိုးထိ ရောက်သွားတဲ့သူတွေလည်း ရှိပါတယ်။ လယ်ယာမြေ အစားရရှိခဲ့ခြင်း မရှိသလို လျော်ကြေးနစ်နာကြေးလည်း မရရှိခဲ့ပါဘူး။

ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ဒေသခံလယ်သမားတွေကနေပြီးတော့ အခုအချိန်ခါမှာ ခေတ်တွေလည်းပြောင်း၊ စနစ်တွေလည်းပြောင်းနေပြီ။ အမြန်လမ်းမကြီးဖောက်လုပ်တဲ့နေရာမှာ တောင်မှ လမ်းမြေအဖြစ်အသုံးပြုသွားတဲ့လယ်မြေတွေကို နစ်နာကြေးတွေအစိုးရကနေပြီး ပေးလျော်နေတယ်။ ဒါဆိုလို့ရှိရင် ဒီဆည်မြောင်းတွေလည်း ပေးလျော်မှာပဲဆိုပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဒီဆည်မြောင်းဖောက်လုပ်ရာမှာ ပါဝင်သွားတဲ့ ဒေသခံတောင်သူ လယ်သမားတွေက နစ်နာကြေး သို့မဟုတ် လျော်ကြေးပေးဖို့ အသနားခံအကြိမ်ကြိမ် တင်ပြတောင်းခံခဲ့သော်လည်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဒီဆည်ရေသောက် စီမံကိန်းတွင်ပါဝင်သွားတဲ့ လယ်မြေများအတွက် လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးသည့် အစဥ်အလာ မရှိဘူးလို့သာ ပြန်လည် ဖြေကြားခဲ့တယ်လို့ လယ်သမားများရဲ့ ပြောပြချက်အရသိရှိရပါတယ်။

ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ တစ်နေ့မှာ ဒီ ကြက်တက်ညောင်ပင်ကျေးရွာအုပ်စုက ဆရာတော်ဘုရားက သတင်းစာတစ်စောင် သွားပြီးတော့တွေ့ပါတယ်။ အဲဒီသတင်းစာက ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့ တနင်္ဂနွေနေ့ထုတ် နိုင်ငံတော်ပိုင် မြန်မာ့အလင်းသတင်းစာရဲ့ စာမျက်နှာ (၁၇)၊ ကော်လံ (၁) မှာ ဖော်ပြထားတဲ့သတင်းလေးတစ်ခုပါ။ ဒီသတင်းလေးကို ဖတ်ကြား တင်ပြခွင့်ပြုပါ။ ခေါင်းစီးကတော့ လယ်ယာမြေနစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးငွေများ ပေးအပ်ဆိုတဲ့ ခေါင်းစီးနဲ့ ကျောက်တံခါးမြို့နယ်က သတင်းလေးတစ်ခုပါ။ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး မြို့နယ် အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ နိုဝင်ဘာလ (၁၄) ရက်နေ့ နံနက်(၉)နာရီတွင် ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးမှူးအဖွဲ့ ဥက္ကဋ္ဌဦးသန်းမြင့်၊ ဆည်မြောင်း ဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးအောင်မြတ်မျိုး၊ ကျောက်တံခါးမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးထက်အောင်ဖြိုး နှင့် အဖွဲ့ဝင်များ၊ ကြာအင်းကုန်းအုပ်စု၊ တူမောင် အုပ်စု၊ တောကျွဲအင်းအုပ်စု၊ ဇင်ဇလုတ်အုပ်စုတို့မှ ရပ်/ကျေး လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ကျောက်တံခါးမြို့နယ်၊ ကွန်းချောင်းဆည်ရေသောက် စီမံကိန်းတွင် ရေပေးမြောင်း ဖောက်လုပ်ရာမှ တောင်သူလယ်သမားများ၏ လယ်မြေများ ပါဝင်ခဲ့၍ နစ်နာဆုံးရှုံးခဲ့သည့် တောင်သူများကို ပထမအကြိမ် လျော်ကြေးငွေ ပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့ကြောင်းသိရသည်။ အဆိုပါ အခမ်း အနားတွင် ကျောက်တံခါးမြို့နယ်၊ ကြာအင်းကုန်းကျေးရွာအုပ်စုမှ တောင်သူ(၆၀)၏ လယ်မြေ(၈၆.၆၂) ဧကအတွက် လျော်ကြေးငွေ တစ်ဧကလျှင် ငွေကျပ်(၁၀)သိန်းနှုန်းဖြင့် စုစုပေါင်း (၈၆၆.၂)သိန်းအား ပဲခူး ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ ဦးသန်းမြင့် က ကြာအင်းကုန်းကျေးရွာ အုပ်စုရှိ တောင်သူများကို ပေးအပ်ခဲ့ကြောင်း သိရသည်ဆိုတဲ့

သတင်းစာကို ကိုင်လာပြီးတော့ အဲဒီအထဲ က ဖြတ်ပိုင်းလေးကို မိတ္တူဆွဲလာပြီးတော့ ကျွန်တော့်ဆီကို လာပြီးတော့ ပေးပါတယ်။

အဲဒီတော့ ဆရာတော်ဘုရားကလည်း တစ်နေ့မှာ ကျွန်တော့်အိမ်ကို ကြွရောက်လာပါတယ်။ ကြွရောက်လာပြီးတော့ ဒကာကြီး၊ ဒကာ၊ ဒကာမများအတွက်ဆိုတော့ မနေသာတဲ့အတွက် ဘုန်းကြီး ကိုယ်တိုင်ကြွလာရတာပါ။ ဒါဆိုလို့ရှိရင် ဒီသတင်းအရ ဆိုလို့ရှိရင် တို့ ပဲခူးတိုင်းအတွင်းလည်း တူတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလည်း တူတယ်။ ကွန်းချောင်းမှာမှ လျော်ကြေးပေးရင် တို့နယ်မှာလည်း လျော်ကြေးရနိုင်တာပေါ့၊ ဒါကို သက်ဆိုင်ရာကို တင်ပြပြီးတော့ မေးမြန်းကြည့်ပါ ဆိုပြီး တော့ ဩဝါဒပေးခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒေသခံ ဆရာတော်ဘုရားများရဲ့ ဩဝါဒနဲ့ ဒေသခံ တောင်သူလယ်သမားများရဲ့ အကျိုးငှာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းလိုတာကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၌ ခပေါင်းဆည်တည်ဆောက်၍ ဆည်ရေပေးဝေရေး ပင်မမြောင်းများနှင့် လက်တံမြောင်းများ ဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ် ယာမြေများအတွက် လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် မည်သို့သော အစီအစဉ်ဖြင့် ပေးလျော်သွားမည်ကို သိရှိလိုပါသဖြင့် အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကျောက်ဖြူခရိုင် အမ်းမြို့နယ် ဂဇာန်းပြင် ကျေးရွာအုပ်စုအတွင်းရှိ လယ်လုပ်ကာရီ(ဆည်) ကွင်းအမှတ် ၂၂၈/က တွင် အလုပ်လက်မဲ့ဖြစ်နေသူ တောင်သူလယ်သမား(၄၆၅)ဦးအား ၂၀၁၅ ခုနှစ် စပါးစိုက်ပျိုး ရာသီအမီ ပြန်လည်လုပ်ကိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က ကျောက်ဖြူခရိုင် အမ်းမြို့နယ် ဂဇာန်းပြင် ကျေးရွာအုပ်စုအတွင်းရှိ လယ်လုပ်ကာရီ(ဆည်) ကွင်း အမှတ် ၂၂၈/က တွင် အလုပ်လက်မဲ့ဖြစ်နေသူ တောင်သူလယ်သမား(၄၆၅)ဦးအား ၂၀၁၅ ခုနှစ် စပါးစိုက်ပျိုးရာသီအမီ ပြန်လည်လုပ်ကိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေဂါရဝပြုပါတယ်ခင်ဗျား။ လေးစား အပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျောက်ဖြူ ခရိုင်၊ အမ်းမြို့နယ်၊ ဂဇာန်းပြင်ကျေးရွာအုပ်စုအတွင်းရှိ လယ်လုပ်ကာရီ(ဆည်) ကွင်းအမှတ် ၂၂၈/က

တွင် အလုပ်လက်မဲ့ဖြစ်နေသူ တောင်သူလယ်သမား (၄၆၅)ဦးအား ၂၀၁၅ ခုနှစ် စပါး စိုက်ပျိုးရာသီအမီ ပြန်လည် လုပ်ကိုင်ခွင့်ပြုလုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းဖို့ပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ဂဏန်းပြင် ကျေးရွာအုပ်စုအတွင်းရှိ ရွှေတုံးမျှောကာရီ၊ ရွှေတုံးမျှောဆည်မှာ ၁၉၇၆ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၃၈ ခုနှစ်မှစ၍ ဒေသအတွင်း လယ်ယာလုပ်ကိုင်ကြသော လယ်သမားထုတစ်ရပ်လုံးရဲ့ ကြေးတိုင် လယ်ယာမြေအဖြစ် သတ်မှတ်တည်ရှိခဲ့ပါတယ်။ ရွှေတုံးမျှောကာရီဆည်တွင် ကွင်းအမှတ်၂၂၈/က နှင့် ကွင်းအမှတ် ၂၂၈/ခ ဟူ၍ ကွင်း(၂)ကွင်း သတ်မှတ်လျက်ရှိပါတယ်။ ကွင်းအမှတ် ၂၂၈/က အပိုင်းကို ဂဏန်းပြင်အပိုင်းနှင့် ၂၂၈/ခ ကို သလူမော်၊ င/စရိုင်းချောင်းပိုင်းဟူ၍ အပိုင်း(၂)ပိုင်း ခွဲခြား သတ်မှတ်ထားပါတယ်။ ဤ ကွင်း(၂)ခုတွင် ကြေးတိုင်လယ်ယာမြေအဖြစ် သတ်မှတ်လျက် လယ်ယာလုပ်ငန်းများ လုပ်ကိုင်လာခဲ့ကြပါတယ်။

၂၀၀၂ ခုနှစ်၊ ၂၀၀၃ ခုနှစ်များတွင် ဒီရေကြီးကဲမှုများ ဖြစ်ပေါ်လာပြီး ဆည်၊ တာတမံများ ကျိုးပေါက်ကာ လယ်ယာလုပ်ကိုင်ရန် ထွန်ယက်ခြင်း မပြုလုပ်နိုင်ကြဘဲ ဖြစ်ခဲ့ကြရပါတယ်။ ထိုကဲ့သို့ တာတမံများ ကျိုးပေါက်သွားသည်ကို အခွင့်အရေးယူပြီး ကွင်းအမှတ် ၂၂၈/က တွင် (၁) ဦးဘ၊ ကျောက်ဖြူမြို့။ (၂) ဦးအောင်သန်းမြ၊ ဂဏန်းပြင်ကျေးရွာ။ ဦးရွှေမိုး၊ ဂဏန်းပြင်ကျေးရွာ။ ဦးအောင်ထွန်းမြ၊ ဂဏန်းပြင်ကျေးရွာ။ ဦးသိန်းစိုး၊ တပ်တောင်။ (၆) ဦးမောင်သန်းရီ၊ ကျောက်ဖြူနဲ့ ကွင်းအမှတ် ၂၂၈/ခ တွင် (၁) ဦးကျော်သန်း၊ တပ်တောင်။ (၂) ဦးဖြူဒေါင်း၊ သလူမော်။ (၃) ဦးသောင်းငြိမ်း၊ တပ်တောင်စသော ငွေရှင်၊ ကြေးရှင်တစ်စုမှ ပုစွန်ကန်များ ပြုလုပ်ကာ ပုစွန်မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြပါတယ်။

ဤကဲ့သို့ ပုစွန်ကန်များ ပြုလုပ်ခဲ့တဲ့အတွက် အ.ထ.ကကျောင်း၊ ရွာလမ်းနှင့် လူနေအိမ်များ ရေမြုပ်သဖြင့် အောက်ပိုင်းတွင် နေထိုင်ကြသော လူနေအိမ်ခြေ(၇၀)မှာ ပျက်ဆီးသွားခဲ့ပြီး၊ ကျောင်းသား/ ကျောင်းသူများနှင့် ဆရာ/ဆရာမများမှာလည်း ကျောင်းသို့ တက်ရောက်နိုင်ခြင်း မရှိတော့ဘဲ လပေါင်းများစွာ ကျောင်းပျက်ခဲ့ကြပါတယ်။ ၂၀၀၇ ခုနှစ်၊ ၂၀၀၈ ခုနှစ်တွင် ဆည်တာရိုး၊ တာပေါင်များ ကျိုးပေါက်သွားသည့်အတွက် ပုစွန်မွေးမြူရေးလုပ်ငန်းများကိုလည်း အားလုံးစွန့်ပစ်ခဲ့ကြပါတယ်။ ထိုကဲ့သို့ စွန့်ပစ်ထားခဲ့ကြသော ပုစွန်ကန်၊ ဆည်၊ တာတမံများကို ကျောင်းသား/ကျောင်းသူများ ကျောင်းတက်နိုင်ရန်နှင့် အ.ထ.ကကျောင်းနှင့် ကျေးရွာတစ်ခုလုံး ဒီရေလွှမ်းမိုးခြင်းမှ လွတ်မြောက်စေရန် လယ်ယာလုပ်ကိုင် စားသောက်လိုသူများနှင့် ပူးပေါင်းကာ ၂၀၁၀ ခုနှစ်တွင် နိုင်ငံတော် အစိုးရထံသို့ တင်ပြလျှောက်ထားခဲ့ပါတယ်။ ဤကဲ့သို့ လျှောက်ထားသည့်အတွက် နိုင်ငံတော်အစိုးရမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆည်များ၊ ချောင်းမြောင်းများနှင့် ရေငန်တား တာတမံများ ဆည်ဖို့ရန်အတွက် ငွေကျပ်သန်းပေါင်း (၂၇၁၈.၉၄)အား ချထားပေးခဲ့ပါတယ်။ ချထားပေးပြီး ဆည်မြောင်းဦးစီးဌာနရဲ့ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့တွင် ဆည်ဖို့ခြင်းလုပ်ငန်းများ အားလုံး ပြီးစီးအောင်မြင်ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။

ဤကဲ့သို့ ဆည်မြောင်းဦးစီးဌာန၏ စီမံဆောင်ရွက်မှုဖြင့် ဆည်ရိုး၊ တာပေါင်များနှင့် ချောင်းကြီးချောင်းငယ်များအား ဆည်ဖို့ခြင်းလုပ်ငန်း ပြီးစီးသဖြင့် ဆည်ကြီးတစ်ခုလုံး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျောက်ဖြူမြို့ ဆည်မြောင်းဦးစီးဌာန၊ ဦးစီးအရာရှိ(မြို့ပြ) ဦးသက်လင်းထွန်း မှ ၁-၄-၂၀၁၃ နေ့ရက်စွဲပါစာဖြင့် ကာရီအသင်းသား (၄၆၅)ဦးတို့၏ ကိုယ်စား ဆည်ကာရီဖြစ်မြောက်ရေး အဖွဲ့ဝင်(၄)

ဦးတို့အား လွှဲအပ်ထားပေးခဲ့ပါတယ်။ ဤကဲ့သို့ ဆည်မြောင်းဦးစီးဌာနမှ ၁-၄-၂၀၁၃ ရက်စွဲပါစာဖြင့် လယ်မြေလုပ်ကိုင်သူ (၄၆၅)ဦးတို့အား လွှဲအပ်ထားခဲ့သော်လည်း ပုစွန်ကန်ပြုလုပ်ခဲ့သည်ကို အကြောင်းပြု၍ ရပ်/ကျေး အုပ်ချုပ်ရေးမှူးဦးမောင်ကျော်ခင်နှင့် အထက်အမည်ပါ ပုစွန်ကန်ပိုင်ရှင်တို့ ပူးပေါင်းကာ နိုင်ငံတော်အစိုးရမှ ချထားပေးထားသော ငွေကြေးများဖြင့် ဆည်ဖို့ထားသော ရွှေတုံး မျှောဆည် ကာရီကို ကျူးကျော်ကာ ၂၀၁၄ ခုနှစ်၊ မိုးစပါးစိုက်ပျိုးရန်အတွက် မြေနေရာအကွက်များ သတ်မှတ်ခြင်းနှင့် လယ်ယာထွန်ယက်ခြင်းလုပ်ငန်းများ ပြုလုပ်နေကြပါသည်။ ရွှေတုံးမျှော ကာရီ ဆည်တွင် ပါဝင်သွားသော တစ်ပြားတန် တောကိုလည်း ရပ်/ကျေးအုပ်ချုပ်ရေးမှူးမှ ကျူးကျော်ကာ (၁)ဦးမောင်စေ့တာနှင့် (၂) ဦးမောင်ချေ တို့အား တစ်ဦးလျှင် ကျပ်(၁၇၅၀၀၀)ကျပ်စီဖြင့် ရောင်းစားပြီး၊ မသမာသော နည်းလမ်းများဖြင့် ဆောင်ရွက်ထားကြောင်း တိုင်ကြားကြပါတယ်။

ဤကဲ့သို့ တရားလက်လွတ်သော အတင်းအဓမ္မ ပြုလုပ်နေကြသည်ကို ဆည်ကာရီ ဖြစ်မြောက် ရေး နာယကနှင့် လူကြီးများမှ မြို့နယ်၊ ခရိုင်၊ ပြည်နယ်အဆင့်ဆင့်သို့ ၂၁-၅-၂၀၁၃ နေ့တွင် တိုင်ကြား ခဲ့ပါတယ်။ ထိုသို့ တိုင်ကြားသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဦးအောင်ဝင်း ခေါင်းဆောင် အဖြစ် ပါဝင်သော ဦးကျော်လွင်၊ ဦးတက်ထွန်းအောင်၊ ဦးမောင်ဒေါင်း တို့ပါဝင်သော လယ်ယာမြေ စုံစမ်းရေးကော်မတီ ဖွဲ့စည်းလျက် ဂဏန်းပြင်ကျေးရွာသို့ လာရောက်စစ်ဆေးခဲ့ကြသော်လည်း ယနေ့ အထိ တစ်စုံတစ်ရာထူးခြားမှု မရှိသေးပါ။ ရွှေတုံးမျှောကာရီဆည်တွင် ပါဝင်သွားသော မော်ကြီးကာရီ၊ ရွာအောက်ကာရီ၊ ကာရီချေနှင့် ရွာချောင်းကြီးကာရီတို့အနက် ရွာချောင်းကြီးဆိုသည့် ကာရီကို လယ်ယာမြေ လုပ်ကိုင်လိုကြသည့် တောင်သူအဖွဲ့အစည်းမှ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ငွေကျပ်သိန်း (၅၀)ဖြင့် ဝယ်ယူထားပြီး ဖြစ်ပါတယ်။ အနိမ့်ဆုံးအနေဖြင့် ထိုဝယ်ယူထားသော ရွာချောင်းကြီး ဆည်ကာရီအား လယ်ယာမြေလုပ်ကိုင်လိုသူ တောင်သူများသို့ ပြန်ပေးရန် သက်ဆိုင်ရာတို့နှင့် ညှိနှိုင်း ပြောဆိုသော်လည်း ယနေ့အထိ အကြောင်းတစ်စုံတစ်ရာ ထူးခြားမှု မရှိပါ။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသော မေးခွန်းကတော့ သို့ဖြစ်ပါ၍ အလုပ်လက်မဲ့ဖြစ်ပြီး တာရိုး၊ တာပေါင်ဆည်ဖို့ကာ လယ်ယာမြေလုပ်ကိုင်လိုကြသူ တောင်သူလယ် သမား (၄၆၅)ဦးတို့၏ ဘဝအား ငဲ့ညှာထောက်ထားသောအားဖြင့် (က) ကျောက်ဖြူခရိုင်၊ အမ်းမြို့နယ်၊ ဂဏန်းပြင်ကျေးရွာအုပ်စုအတွင်းရှိ လယ်လုပ်ကာရီ ကွင်းအမှတ် ၂၂၈/က တွင် အလုပ်လက်မဲ့ဖြစ်နေသူ တောင်သူလယ်သမား (၄၆၅)ဦးအား ၂၀၁၅ ခုနှစ်၊ စပါးစိုက်ပျိုးရာသီအမီ ပြန်လည်လုပ်ကိုင်ခွင့် ပြုလုပ် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် (ခ) အစီအစဉ်မရှိပါက အဘယ်ကြောင့်ပါနည်းစသည်တို့ကို မေးမြန်းအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးခင်ဇော် က တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၁။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။
လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး(၂)ဦးမှ မေးမြန်းတဲ့ မေးခွန်းများနဲ့ပတ်သက် ပြီးတော့ ကျွန်တော်တစ်ခုချင်း ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး ၏ မေးခွန်းဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်တွင် ခပေါင်းဆည်တည်ဆောက်၍ ဆည်ရေပေးဝေရေး မြောင်းများဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်နဲ့ အုတ်တွင်းမြို့နယ် အတွင်းရှိ စိုက်ပျိုးမြေ ဧရိယာ (၅၃၀၀၀)ဧကအား ဆည်ရေပေးဝေနိုင်ရန်အတွက် ခပေါင်းရေလှောင်တမံကို ၂၀၀၇-၂၀၀၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ဆည်ရေသောက်စနစ်လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်း ယခင်အစိုးရလက်ထက်တွင် ရေလှောင်တမံ၊ ရေထိန်းတံခါး (၂၃၆)ခု ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ အဆိုပါ တည်ဆောက်ပြီးစီးခဲ့သော ရေလှောင်တမံနှင့် ဆည်ရေသောက်စနစ် စီမံကိန်းများသည် အများပြည်သူအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ထိုစဉ်က တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

သို့ပါ၍ ယခင်အစိုးရလက်ထက်က တည်ဆောက်ခဲ့သော အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံတည်ဆောက်ခြင်း လုပ်ငန်းသည် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ စတင်ပြဋ္ဌာန်းခဲ့သည့် ၃၀-၈-၂၀၁၂ ရက်နေ့ မတိုင်မီအချိန်က ဆောင်ရွက်ခဲ့ပြီး၊ ထိုစဉ်က တည်ရှိခဲ့သော ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့် ခပေါင်းရေလှောင်တမံ ဆည်ရေပေးမြောင်းများ ဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးပေးအပ်ရန် နိုင်ငံတော်အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံထားခြင်း မရှိပါကြောင်းနှင့် နစ်နာကြေးပေးအပ်ရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ မေးမြန်းချက်နဲ့ ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်၍ ကျွန်တော်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေတုံးမျှော်ကာရီသည် အမ်းမြို့နယ်၊ ဂဏန်းပြင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၂၈/ခ သလူမော်ကွင်းအတွင်း၌ ကျရောက်ပြီး ဦးပိုင်ပေါင်း (၂၉၁)ခု ရှိ၍ တောင်သူပေါင်း (၂၈၅)ဦးက လုပ်ကိုင်ခဲ့ပြီး ဧရိယာအားဖြင့် (၁၆၃၆)ဧက ရှိပါတယ်။ အဆိုပါ ကာရီမှာ ၂၀၁၀ ခုနှစ်၊ ဂီရိမုန်တိုင်းဒဏ်ကြောင့် ပျက်ဆီးသွားခဲ့ပြီး၊ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ်(၂၇၁၈)သိန်းဖြင့် ဆည်မြောင်းဦးစီးဌာနက ပြန်လည်ပြုပြင်ပေးခဲ့ပြီးနောက် ကာရီလူကြီးများဖြစ်သော ဦးကျော်သိန်းခင်၊ ဦးဘကြည်၊ ဦးဘစန်းအေး၊ ဦးခင်သိန်းအောင် တို့ထံသို့ ကာရီကို ပျက်ဆီးမှုမရှိစေရေး ထိန်းသိမ်းရန် အပ်နှံထားခဲ့ပါတယ်။

ဆည်မြောင်းဦးစီးဌာနမှ ပြုပြင်ပြီးစီးတဲ့ ကာရီအား အပ်နှံခြင်းမှာ လယ်သမားတာဝန် ဖြစ်သဖြင့် လယ်သမားများ စုပေါင်းထိန်းသိမ်းရန် အပ်နှံခဲ့ခြင်းဖြစ်ပါတယ်။ ထိုကဲ့သို့ ပြန်လည်ပြုပြင်မှုကြောင့် ပေါ်ထွက်လာသည့် လယ်ယာမြေများအား ဂဏန်းပြင်ကျေးရွာအုပ်စု၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ယခင် စိုက်ပျိုးလုပ်ကိုင်ခဲ့သော တောင်သူပေါင်း (၂၈၅)ဦးအား စိစစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ(၇) (၂၉၁)စောင် ပေးနိုင်ရန်အတွက် မြို့နယ်၊ ခရိုင် လယ်ယာစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်သို့ တင်ပြလာမှုအပေါ် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၄၊ ၅၊ ၆၊ ၇ တို့နှင့်အညီ စိစစ်ပြီး လုပ်ပိုင်ခွင့်ရသည့် တောင်သူ(၂၈၅)ဦး၏ လက်ဝယ်သို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)၊ (၂၉၁)စောင် ပေးခဲ့ပြီး ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကာရီအတွင်းရှိ လယ်မြေများကို ခွဲဝေလုပ်ကိုင်မှုအပေါ် ကျေနပ်မှုမရှိ သဖြင့် အကြိမ်ကြိမ်တိုင်ကြားခဲ့ကြောင်း သိရှိရပါတယ်။ အခြေအနေအား ကွင်းဆင်းစိစစ်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၉-၇-၂၀၁၄ ရက်စွဲဖြင့် ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှူး၊ အဖွဲ့ ခေါင်းဆောင်။ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ အဖွဲ့ဝင်။ ပြည်နယ် မွေး/ကုဦးစီးဌာနမှူး၊ အဖွဲ့ဝင်။ ပြည်နယ်မြေစာရင်း ဦးစီးဌာနမှူး၊ အဖွဲ့ဝင်။ ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူး၊ အဖွဲ့ဝင်တို့ ပါဝင်သော ကွင်းဆင်းစစ်ဆေးရေး အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ စိစစ်တွေ့ရှိချက်အရ ကွင်းအမှတ် ၂၂၈/ခ၊ ရွှေတုံးမျှော်ကာရီအတွင်းရှိ အငြင်းပွားလယ်မြေတွင် လက်ရှိလုပ်ကိုင်နေသူများမှာ မြို့နယ်၊ ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့တို့၏ စိစစ်ပြီး လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးထားသူများဖြစ်ကြောင်း၊ လုပ်ခွင့်ရ တောင်သူစုစုပေါင်း (၂၈၅)ဦး ဖြစ်ကြောင်း သိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းချက်တွင် ပါရှိသော ကွင်းအမှတ် ၂၂၈/က မှာ သလူမော်ကွင်းဖြစ်သော်လည်း ရွာချောင်းကြီး ကာရီအတွင်း တည်ရှိပါတယ်။ ဧရိယာ (၄၉၈)ဧက ကျယ်ဝန်းပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင်ခဲ့သော်လည်း ၂၀၁၃ ခုနှစ်၊ သြဂုတ်လအတွင်း ထူးကဲဒီရေကြောင့် ရွာချောင်းနေရာတွင် ကျိုးပေါက်ခဲ့ပါသဖြင့် လက်ရှိစိုက်ပျိုးလုပ်ကိုင်၍ မရနိုင်ဖြစ်ပါတယ်။ ကွင်းအမှတ် ၂၂၈/က တွင် လယ်ယာလုပ်ကိုင်ရန်အတွက် ပုံစံ ၁ ဖြင့် လျှောက်ထားသူမရှိကြောင်း၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့မှ တင်ပြခဲ့ကြောင်း သိရှိရပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ၏ ရန်ပုံငွေတင်ပြသော်လည်း ဖြတ်တောက်ရာတွင် ပါဝင်ခဲ့သဖြင့် ပြုပြင်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ထပ်မံတင်ပြ၍ ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။

ဤကွင်းတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ကွင်းမြေပုံကို Slide နဲ့ တင်ပြပါမယ်။ Slide အရဆိုရင်တော့ လက်ဝဲဘက်က အပြာရောင်နဲ့ ခြယ်ထားတဲ့ ကွင်းကတော့ ကွင်းအမှတ် ၂၂၈/က ဖြစ်ပါတယ်။ စုစုပေါင်း (၄၉၈)ဧကေ ဖြစ်ပါတယ်။ ပြီးတော့ ဒီဘက်အနီရောင်နဲ့ လက်ယာဘက်က ခြယ်ပြထားတာကတော့ ကျွန်တော်တို့ အခုတင်ပြတဲ့ ရွှေတုံးမျှော်ကွင်းပဲ ဖြစ်ပါတယ်။ အဲဒါ ဧက အားလုံးပေါင်း (၁၆၃၆)ဧကေဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်တို့ ရွာချောင်းကျိုးပေါက်သွားတဲ့အတွက်ကြောင့် ဒီဟာ လယ်စိုက်လို့မရဘူးဆိုတဲ့ ကျိုးပေါက်သွားတဲ့နေရာကို ကျွန်တော်တို့ အစိမ်းရောင်နဲ့ ကွင်းပြီးတော့ တင်ပြထားခြင်း ဖြစ်ပါတယ်။

သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းချက်တွင် ပါရှိသော ဂဏန်းပြင် ကျေးရွာ အုပ်စုအတွင်းရှိ ကွင်းအမှတ် ၂၂၈/က တွင် အလုပ်လက်မဲ့ဖြစ်နေသူ တောင်သူလယ်သမား (၄၆၅)ဦး အနက် ကွင်းအမှတ် ၂၂၈/ခ တွင် ယခင်လုပ်ကိုင်ခဲ့ဖူးသူများ ဖြစ်၍ မြေယာခွဲဝေရယူလိုပါက တိကျ ခိုင်လုံသော အထောက်အထားများဖြင့် မြေယာမှုခင်းဖွင့်ပြီး ဥပဒေနှင့်အညီ လျှောက်ထား ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုတဲ့ ဒုတိယ ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ ကျွန်တော် ဒီ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖြေသွားတဲ့အပေါ်မှာ ဆက်စပ်မေးခွန်းလေး (၃)ခု ကျွန်တော်မေးချင် ပါတယ်။ ပထမတစ်ချက်ကတော့ ကျွန်တော်တို့ ဒီ ယခင်အစိုးရလက်ထက်က ဆောင်ရွက်ခဲ့တဲ့ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေနဲ့အညီ ဖောက်လုပ်ခဲ့တာဖြစ်တဲ့အတွက် နစ်နာကြေး၊ လျော်ကြေး ပေးရန် အစီအစဉ်မရှိဘူးလို့ သိရပါတယ်။ မေးခွန်း(၁) အနေနဲ့ မေးချင်တာက ကွန်းချောင်း ဆည်ရေသောက် စီမံကိန်းသည် ယခင်အစိုးရလက်ထက်က တည်ဆောက်ခဲ့တာလား၊ ယခုအစိုးရ လက်ထက်မှ တည်ဆောက်ခဲ့တာလားဆိုတဲ့ မေးခွန်းတစ်ခုပါ။ နောက် မေးခွန်းတစ်ခုက ကျွန်တော်မူလ မေးခွန်း တင်စဉ်ကလည်း ဒီ ကျောက်တံခါးမြို့နယ်မှာ လယ်ယာမြေ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေး ပေးခဲ့တယ်ဆိုတဲ့ သတင်းဟိုဟာ ကျွန်တော်ထည့်ပြီးတော့ ရေးခဲ့ပါတယ်။ အဲဒီတော့ နိုင်ငံတော်ပိုင် သတင်းစာဖြစ်တဲ့ မြန်မာ့အလင်းသတင်းစာမှာ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့မှာ ဖော်ပြခဲ့တဲ့ မြန်မာ့အလင်းသတင်းစာမှာ အစိုးရပိုင်သတင်းစာဖြစ်တဲ့ မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြခဲ့တဲ့ ကျောက်တံခါးမြို့နယ်မှာ ဒီ ကွန်းချောင်းရေအားရေသောက် စီမံကိန်းတွင် ရေပေးမြောင်းဖောက်လုပ် ရာမှာ တောင်သူလယ်သမားများ၏ လယ်ယာမြေများ ပါဝင်ခဲ့၍ နစ်နာဆုံးရှုံးခဲ့သည့် တောင်သူလယ် သမားများကို ပထမအကြိမ် လျော်ကြေးငွေပေးအပ်ခဲ့တယ်။ တောင်သူလယ်သမား(၆၀)အတွက် (၈၆. ၆၂)ဧကေအတွက် တစ်ဧကေလျှင် (၁၀)သိန်းနှုန်းနဲ့ (၈၆၆.၂) သိန်း ပေးလျော်ခဲ့တယ်ဆိုတာဟာ အဲဒီ သတင်းဟာ မှန်ကန်ပါသလား။ ဒါမေးခွန်းနံပါတ် (၂)ပါ။ မေးခွန်းနံပါတ်(၃)က အဲဒီသတင်း မှန်ကန်ခဲ့ တယ်ဆိုရင် ဘယ်လိုအစီအစဉ်မျိုးနဲ့ ပေးလျော်ခဲ့တယ်ဆိုတာ သိချင်ပါတယ်ခင်ဗျာ။ ဒုတိယဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ ပြန်လည် မေးမြန်းအပ်ပါတယ်ခင်ဗျာ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒုတိယဝန်ကြီး ဖြေနိုင်ရင်တော့ ဖြေပေးပါ။ မဖြေနိုင်ရင်လည်း နောက် ဖြေလို့ရပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ခုမေးမြန်းတဲ့ မေးခွန်း(၃)ခုနဲ့ပတ်သက်ပြီးတော့ ပထမမေးခွန်းကတော့ ကွန်းချောင်း ဒီရေလှောင်တမံနဲ့ ပတ်သက်ပြီး တည်ဆောက်တဲ့ကာလက ကျွန်တော်တို့ တမံကိုတည်ဆောက်တာဟာ ဒီလယ်ယာမြေ ဥပဒေသစ် မပေါ်ပေါက်ခင်ကာလ အဲဒီမှာတည်ဆောက်ခဲ့တာ။ သို့သော် ဒါကို ဒီ ကွန်းချောင်းကို တည်ဆောက်တာဟာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တည်ဆောက်တာဖြစ်ပါတယ်။ ရေသောက်စနစ်ကိုတော့ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်တာပါ။ အဲဒီတော့ သူတို့ ရေအားလျှပ်စစ်က ပြီးတဲ့အချိန်ကျတော့မှ ကျွန်တော်တို့က ရေသောက်စနစ်ကို တည်ဆောက်တာ ဖြစ်ပါတယ်။ ရေသောက်စနစ် တည်ဆောက်တဲ့အချိန်ဟာ ခုနက ကျွန်တော်တင်ပြထားတဲ့ လယ်ယာမြေ ဥပဒေအသစ် ပေါ်ပေါက်ပြီးတဲ့ကာလ ဖြစ်တဲ့အတွက်ကြောင့် အဲဒီမှာ ကျွန်တော်တို့ ဥပဒေအရကို ကျွန်တော်တို့ ထိုက်သင့်တဲ့ နစ်နာကြေးကို ကျွန်တော်တို့ ပေးလျော်ခြင်းဖြစ်ပါတယ်လို့ တင်ပြအပ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ (၁၀)သိန်းနှုန်းနဲ့ ပေးလျော်တယ်ဆိုတာ မှန်ပါတယ်။ တတိယမေးခွန်းအနေနဲ့ကတော့ ဘယ်လိုအစီအစဉ်နဲ့ ပေးသလဲဆိုတဲ့ဥစ္စာ အဲဒါနဲ့ ပတ်သက်ရင် ကျွန်တော်တို့ သက်ဆိုင်ရာ တိုင်း/လယ်ဆည် ပဲခူးတိုင်း/လယ်ဆည်ကို ကျွန်တော် တို့က ဒါကို သူ့ရဲ့လမ်းညွှန်ချက်ကို နာခံပါတယ်။ သူကကွင်းဆင်းစစ်ဆေးပြီးတော့ အဲဒီပေါ်မှာ တစ်ဧက(၁၀) သိန်းနှုန်းနဲ့ သတ်မှတ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အဲဒီ (၁၀)သိန်းနှုန်းနဲ့ ပေးလျော်ခြင်း ဖြစ်ပါကြောင်း ကျွန်တော်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့် ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ၇-၃-၂၀၁၄ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆိုတင်သွင်းပြီး ၁၄-၁၀-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်ကပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၃-၆-၂၀၁၅ ရက် (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်း နိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို
ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်-

အပိုဒ် ၂

၂။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ(စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(စ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ နယ်စပ်ရေးရာဝန်ကြီးဌာနကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမ ရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၃

၃။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတွင် ပုဒ်မ ၇ ၏နောက်၌ ပုဒ်မ ၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၇-က။ လုပ်ငန်းကော်မတီက ဆုံးဖြတ်ခြင်းမပြုနိုင်သော ကိစ္စများပေါ်ပေါက်ပါက ဗဟို ကော်မတီ သို့ တင်ပြ ဆောင်ရွက်ရမည် ဖြစ်ပါသည် ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၄

၄။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၏ အောက်တွင် (ဆ-၁)နှင့် (ဆ-၂)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဆ-၁) တိုင်းရင်းသား လူမျိုးများ၏ သဘောဆန္ဒနှင့်အညီ တိုင်းရင်းသားလူမျိုးရေးရာ ကိစ္စရပ်များကို အလေးထား ဆောင်ရွက်ပေးခြင်း။

(ဆ-၂) ဒေသဖွံ့ဖြိုးရေးကို ပြန်လည်တာဝန်ထမ်းဆောင်နိုင်သည့် လူ့စွမ်း အားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးရန်အတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များအား အခြေခံနှင့် အဆင့်မြင့်ပညာရပ်များ သင်ကြားပေးရန် စီမံဆောင်ရွက်ပေးခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

မူလဥပဒေကြမ်း၏

အပိုဒ် ၃ နှင့် အပိုဒ် ၅(ခ) တို့ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

မူလဥပဒေကြမ်း၏

အပိုဒ် ၁ ကို မူလအဆိုပြုချက်အတိုင်း အတည်ပြုရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေ ခွဲ(ခ)အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဗိုလ်ချုပ် တင်အောင်ချစ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စု အဆင့် ပုဂ္ဂိုလ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဦးစွာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဦးမြအုန်း၊ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)။** ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းကို ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ ကျွန်တော် ဦးမြအုန်း က ထောက်ခံအပ်ပါတယ်။

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၅၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကိုဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄

## အခန်း(၂)

## အသင်း၏အဆင့်အတန်း၊ လုပ်ပိုင်ခွင့်နှင့် တာဝန်

၅။ အသင်းသည် နိုင်ငံတော်တွင် တစ်ခုတည်းသော အမျိုးသား ကြက်ခြေနီ အသင်းဖြစ်ပြီး ယင်း၏လုပ်ငန်းများကို မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဖြန့်ကြက်ဆောင်ရွက်နိုင်သည်။ ထို့ပြင် နိုင်ငံတကာ နယ်ပယ်တွင်လည်း အလားတူ ပူးပေါင်းဆောင်ရွက် နိုင်သည်။

၆။ အသင်းသည် နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေများ နှင့်အညီ ၁၉၄၉ ခုနှစ်၊ ဂျီနီဗာ သဘောတူညီချက်များ၊ အပြည်ပြည် ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီညီလာခံက အတည်ပြုသော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှုဆိုင်ရာ ပြဋ္ဌာန်းဥပဒေများ၊ အခြေခံမူများ၊ မူဝါဒများနှင့်အညီ အမြဲတမ်း လိုက်နာ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ အသင်းသည် ဤဥပဒေအရ နိုင်ငံတော်က အသိအမှတ် ပြုသည့် လွတ်လပ်သော လူမှုကရုဏာ အဖွဲ့အစည်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)နှင့် အညီ လိုအပ်ပါက အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခွင့် ရှိသည်။

၈။ အသင်းသည် အသင်း၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားအဖွဲ့အစည်းများ၏ ဝင်ရောက်စွက်ဖက်ခြင်း ကင်းရမည်။ ထို့ပြင် ပါတီနိုင်ငံရေး ကင်းရှင်းရမည်။

၉။ ကြက်ခြေနီလှုပ်ရှားမှုအတွင်း သဘောတူထားသည့် သက်ဆိုင်ရာ နည်းဥပဒေများ၊ မူဝါဒ များနှင့် အညီ လူမှုကရုဏာ လုပ်ငန်းများကို တူညီသော ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရာတွင် အခြား လူမှုကရုဏာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၁၀။ အသင်းနှင့် အစိုးရအဖွဲ့တို့အကြား အရန်အင်အားအဖြစ် ဆက်နွှယ်မှုသည် အပြည်ပြည် ဆိုင်ရာ ဥပဒေနှင့် တည်ဆဲဥပဒေများ အပေါ် အခြေခံသဖြင့် လူမှုကရုဏာလုပ်ငန်းနယ်ပယ်များတွင် အသင်းက ပါဝင်ဆောင်ရွက်ပေးခြင်းဖြင့် အပြန်အလှန်တာဝန်ယူမှုနှင့် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေသည့် ပူးပေါင်း ဆောင်ရွက်မှုဖြစ်သည်။

၁၁။ အသင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီ ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများ က သဘောတူထားသည့်အတိုင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှု၏ အခြေခံမူများ၊ ပြဋ္ဌာန်းဥပဒေများနှင့်အညီ အသင်း၏ လူသားချင်း စာနာထောက်ထားသော ဝန်ဆောင်မှု လုပ်ငန်းများကို အမြဲတမ်း ဆောင်ရွက်ပေးနိုင်ရမည်။

၁၂။ အစိုးရအဖွဲ့သည် အသင်း၏ စေတနာ့ဝန်ထမ်း ဆောင်ရွက်မှုနှင့် လွတ်လပ်သော သဘော သဘာဝကို အလေးထား၍ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် အသင်း၏လုပ်ငန်း ဆောင်ရွက်မှု များကို ကူညီထောက်ပံ့ပေးရမည်။

၁၃။ အသင်းသည် အစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် လည်းကောင်း၊ လူမှုကရုဏာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း သတ်မှတ်ထားသော ဝန်ကြီးဌာနမှတစ်ဆင့် လုပ်ငန်း ကဏ္ဍအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ် ဆောင်ရွက်ခွင့် ရှိသည်။

၁၄။ အသင်းသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသင်း၏ အမည်ဖြင့် တရားစွဲဆို ပိုင်ခွင့်၊ တရားစွဲဆို ခံနိုင်ခွင့် ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်-

အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၅(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)

**အခန်း(၃)**

**အသင်း၏ ရည်ရွယ်ချက်များ**

၁၅။ အသင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ၁၉၄၉ ခုနှစ်၊ ဂျီနီဗာ သဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲ သဘော တူညီချက်များနှင့်အညီ ကြက်ခြေနီလုပ်ငန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်က အသိအမှတ် ပြုထားသည့် ကြက်ခြေနီအသင်းဖြစ်သည့် အားလျော်စွာ ဥပဒေနှင့်အညီ အသင်း၏ လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံး၌ဖြစ်စေ၊ နိုင်ငံတကာနယ်ပယ်၌ဖြစ်စေ ဆောင်ရွက် နိုင်စေရန်၊

(ခ) လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အသားအရောင်၊ အဆင့်အတန်း၊ ဆင်းရဲချမ်းသာ၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ နိုင်ငံရေး အယူဝါဒတို့ ခွဲခြားခြင်း အလျဉ်း မရှိစေဘဲ မည်သူ့ကိုမဆို ဆင်းရဲဒုက္ခ နည်းပါးသက်သာ စေရန်အတွက် ကူညီ ဆောင်ရွက်ရန်၊

(ဂ) လူသားအချင်းချင်း အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှု တိုးတက်ရရှိစေရေး၊ ငြိမ်းချမ်းသာယာမှု တိုးတက်ခိုင်မြဲစေရေးအတွက် ကြက်ခြေနီ အခြေခံမူများနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေပြန့်ပွားရေးတို့ကို မြှင့်တင် ဆောင်ရွက်နိုင်ရန်၊

(င) အသင်းသည် သဘာဝဘေး အန္တရာယ်များ၊ လူ့ပယောဂကြောင့် ဖြစ်သော ဘေး အန္တရာယ်များနှင့် အခြားအရေးပေါ်ကိစ္စများတွင် အမျိုးသားအဆင့် ကြိုတင်ပြင် ဆင်မှုနှင့် တုံ့ပြန်မှု အစီအစဉ်များ၌ ပါဝင်ဆောင်ရွက်ရန်နှင့် ဦးဆောင် အဖွဲ့အစည်း တစ်ရပ်ဖြစ်လာစေရန်၊

(စ) ကျန်းမာရေး၊ ရောဂါဘယကြိုတင်ကာကွယ် တားဆီးရေး၊ လူမှုဝန်ထမ်း လုပ်ငန်း များနှင့် ယင်းတို့အတွက် အသိပညာပေးရေး နယ်ပယ်များတွင် အသင်း၏ အစီအစဉ် ဖြင့် ပြည်သူများကို ကူညီဆောင်ရွက်ရန်၊

(ဆ) လက်နက်ကိုင် ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ သဘာဝ သို့မဟုတ် လူ့ပယောဂ ကြောင့်ဖြစ်သော ဘေးအန္တရာယ်များကြောင့် လူသားချင်းစာနာထောက်ထားသော တုံ့ပြန်မှုလိုအပ်နေသည့် အခြေအနေများတွင် ကွဲကွာနေသော ပြည်သူများအကြား မိသားစု အဆက်အသွယ်များ ပြန်လည်ရရှိရေးအတွက် ထိရောက်သော အမျိုးသား အဆင့် လုပ်ငန်းကွန်ရက်ကို စီမံဆောင်ရွက်ရန်၊

(ဇ) ဂျီနီဗာ သဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲ သဘောတူညီချက် များအရ အသိအမှတ်ပြုထားသော ကြက်ခြေနီအမှတ်အသားနှင့် အလားတူ အမှတ် တံဆိပ်များကို လွဲမှားစွာသုံးစွဲခြင်းမှ ကာကွယ်ရေး၊ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေများအား အများပြည်သူ လေးစားလိုက်နာစေရေးတို့ကို ရည်ရွယ်၍ အစိုးရ အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဈ) အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှု၏ အခြေခံမူများနှင့် စေတနာ လုပ်အားရှင် စိတ်ဓာတ်တို့ကို အများပြည်သူများအကြား တိုးတက်ထွန်းကားလာစေရေးနှင့် အသိ ပညာပြန့်ပွားရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမ ရှိတဲ့အတွက် အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၅(က)(ခ)(ဂ)(င)(စ) (ဆ)(ဇ)(ဈ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၅(က)(ခ)(ဂ)(င)(စ) (ဆ)(ဇ)(ဈ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇

**အခန်း(၄)**

**ကြက်ခြေနီလှုပ်ရှားမှုဝင် အခြားသော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှု**

၁၆။ အသင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီ လှုပ်ရှားမှု၏ အစိတ်အပိုင်း တစ်ခုအနေဖြင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အဖွဲ့ဝင်အနေဖြင့်လည်းကောင်း၊ ထမ်းဆောင် ရမည့် တာဝန်များကို လိုက်နာဆောင်ရွက်ရမည်။

၁၇။ အသင်းကို ဖွဲ့စည်းတည်ထောင်ရာတွင်ဖြစ်စေ၊ ကြက်ခြေနီ အခြေခံမူများနှင့်အညီ လူမှုကရုဏာလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင်ဖြစ်စေ၊ အစိုးရဌာနအဖွဲ့အစည်းများ၏ အကူအညီလိုအပ်ပါက အစိုးရအဖွဲ့က စီစဥ်ဆောင်ရွက်ပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၅)၊ အပိုဒ် ၁၈(ဂ)(ဆ)၊ အပိုဒ် ၁၉(က)မှ(င)အထိ၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁

၁၈။ ကြက်ခြေနီညီလာခံကို အောက်ပါပုဂ္ဂိုလ်များ တက်ရောက် ခွင့်နှင့် မဲပေးပိုင်ခွင့် ရှိသည်-

(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ ကိုယ်စားလှယ်များ၊

(ဆ) အသင်းသား လူငယ်ကိုယ်စားလှယ်များ၊

၁၉။ ကြက်ခြေနီဗဟိုကောင်စီကို ညီလာခံက ဖွဲ့စည်းရမည်။ ယင်းဗဟို ကောင်စီသည် အသင်း၏ အုပ်ချုပ်ရေးအဖွဲ့လည်း ဖြစ်သည်။ ကောင်စီဝင်ဦးရေကို လိုအပ်ချက်နှင့်အညီ ပြောင်းလဲ တာဝန်ပေးအပ်နိုင်သည်။ ထိုကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည်-

(က) အသင်း၏ နိုင်ငံလုံးဆိုင်ရာညီလာခံက ရွေးချယ် တင်မြှောက်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေမှ ကိုယ်စားလှယ်တစ်ဦးစီ၊

(ခ) ကြက်ခြေနီလုပ်ငန်းနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ် အဆင့်အောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦးစီ၊

(ဂ) ကြက်ခြေနီလုပ်ငန်းနှင့်ဆက်စပ်သည့် လူမှုအဖွဲ့အစည်းများမှ(၁၀)ဦး ထက်မပိုသော ကိုယ်စားလှယ်များ၊

(ဃ) အစိုးရအဖွဲ့က အဆိုပြုသူ(၁၀)ဦး၊

(င) အတွေ့အကြုံရင့်ကျက်သော ကြက်ခြေနီစေတနာ့လုပ်အားရှင်သို့မဟုတ် အသင်းသား လူငယ်ကိုယ်စားလှယ် (၁၅)ဦး

၂၀။ ဗဟိုကောင်စီဝင်များသည် ယင်းတို့အနက်မှ ဥက္ကဋ္ဌ(၁)ဦး၊ ဒုတိယဥက္ကဋ္ဌ(၁)ဦးနှင့် ဗဟိုအလုပ်အမှုဆောင်(၂)ဦး၊ အထွေထွေ အတွင်းရေးမှူးနှင့် အချိန်ပိုင်း အမှုဆောင်(၅)ဦးကို ရွေးကောက်တင်မြှောက်ရမည်။

၂၁။ ဗဟိုကောင်စီသည် ကျွမ်းကျင်သူပညာရှင်များသာ ဆောင်ရွက် နိုင်သည့် အထူးလုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်ရန်အလို့ငှာ (၅)ဦးထက်မပိုသော ပုဂ္ဂိုလ်များကို ဗဟိုကောင်စီဝင်များအဖြစ်ဖြည့်စွက်တာဝန်ပေးအပ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၈ (ဂ)(ဆ)၊ အပိုဒ် ၁၉(က)မှ(င)အထိ၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၈ (ဂ)(ဆ)၊ အပိုဒ် ၁၉(က)မှ (င)အထိ၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၆)၊ အပိုဒ် ၂၂(က) မှ (ဈ) အထိ

၂၂။ အထွေထွေညီလာခံ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အထွေထွေညီလာခံသည် အသင်း၏ အမြင့်ဆုံးသော အာဏာပိုင်အဖွဲ့ ဖြစ်သည်။

(ခ) အထွေထွေညီလာခံသည် အသင်းနှင့် ကြက်ခြေနီ အသင်း အဆင့်ဆင့် အားလုံးကို ကိုယ်စားပြုသည်။

(ဂ) အထွေထွေညီလာခံတွင် ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းနှင့်အညီ ဗဟိုကောင်စီနှင့် ဗဟိုအလုပ်အမှု ဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ခွင့်ရှိသည်။

(ဃ) အထွေထွေညီလာခံတွင် ဗဟိုကောင်စီ၏ အစီရင်ခံ စာကို အတည်ပြုရမည်။

(င) မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်ရန် ရှိပါက အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ကို သတ်မှတ်ထားသော ဝန်ကြီးဌာနသို့ တင်ပြရမည်။

(စ) အစည်းအဝေးအစီအစဉ်ပါ ကိစ္စရပ်များကို ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်းတို့ ပြုလုပ်ရမည်။

(ဆ) ဗဟိုကောင်စီကတင်ပြသည့် အသင်းနှင့် စပ်လျဉ်းသည့် မူဝါဒများကို အတည်ပြုရမည်။

(ဇ) အထွေထွေညီလာခံကို သုံးနှစ်လျှင်တစ်ကြိမ် ကျင်းပရမည်။ အထွေထွေ ညီလာခံ တက်ရောက်ခွင့်ရှိသူ၏ ငါးပုံတစ်ပုံကတောင်းဆိုလျှင် အထွေထွေညီလာခံ အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည်။

(ဈ) အထွေထွေညီလာခံ တက်ရောက်ခွင့်ရှိသူ တစ်ဦးလျှင် ဆန္ဒမဲ တစ်မဲသာ ပေးခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၂၂ (က) မှ (ဈ) အထိ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၂၂ (က) မှ (ဈ) အထိ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၇)၊ အပိုဒ် ၂၃(က)မှ (ဏ) အထိ၊ အပိုဒ် ၂၄

၂၃။ ဗဟိုကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဗဟိုကောင်စီသည် အသင်း၏ အုပ်ချုပ်ရေးအဖွဲ့ ဖြစ်သည်။

(ခ) အသင်း၏ရည်ရွယ်ချက်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန်လမ်းညွှန်မှု ပြုရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက် ခွင့်ရှိသည်။

(ဃ) အထွေထွေညီလာခံက ချမှတ်ပေးသော မူဝါဒများကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် လမ်းညွှန်မှုပြုရမည်။

(င) ဗဟိုရေးရာကော်မတီများကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ရမည်။

(စ) နှစ်စဉ် ရသုံးခန့်မှန်းခြေငွေစာရင်းကို စိစစ်အတည်ပြု ရမည်။

(ဆ) အသင်း၏ ဘဏ္ဍာရေးစည်းမျဉ်းကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ စိစစ်ဆုံးဖြတ်ခြင်း တို့ကို ဆောင်ရွက်ရမည်။

(ဇ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကတင်ပြသော အသင်းဘဏ္ဍာရန်ပုံငွေ သို့မဟုတ် ပစ္စည်း ဆုံးရှုံးမှုအတွက် ဘဏ္ဍာရေးစည်းမျဉ်းတွင် သတ်မှတ်သည့် တန်ဖိုးကို စာရင်းမှ ပယ်ဖျက်ခွင့်ရှိသည်။

(ဈ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့က တင်ပြသောအသင်းက ဝယ်ယူမည့် သို့မဟုတ် ထုခွဲရောင်းချမည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ စိစစ်ဆုံးဖြတ်မှု ပြုရမည်။

(ည) အသင်းသားအဖြစ် လက်ခံခြင်း၊ ငြင်းပယ်ခြင်း၊ အသင်းသားအဖြစ်မှ ထုတ်ပယ်ခြင်း နှင့် စပ်လျဉ်း၍ အပြီးအပြတ်ဆုံးဖြတ်ခွင့်ရှိသည်။

(ဋ) ဂုဏ်ထူးဆောင်အသင်းသားအဖြစ် အသိအမှတ်ပြု ပိုင်ခွင့်ရှိသည်။

(ဌ) အသင်း၏ ဝန်ထမ်းဖွဲ့စည်းပုံကို အတည်ပြုဆုံးဖြတ်ခွင့် ရှိသည်။

(ဍ) ဗဟိုကောင်စီ အစည်းအဝေးကို အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ် ကျင်းပရမည်။ ဗဟိုကောင်စီဝင် သုံးပုံတစ်ပုံကတောင်းဆိုလျှင် ဗဟိုကောင်စီ အထူး အစည်းအဝေး ခေါ်ယူကျင်းပရမည်။

(ဎ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့က တင်ပြလာသော ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းကို အတည်ပြုခွင့်နှင့် ပြင်ဆင်ခွင့်ရှိသည်။

(ဈ) မြန်မာနိုင်ငံ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ကိုအသင်း၏ တစ်စိတ်တစ်ဒေသအဖြစ် ဖွဲ့စည်းခြင်းနှင့် ကြီးကြပ်အုပ်ချုပ်ခြင်းကိစ္စရပ်များကို ဆောင်ရွက်ရမည်။

၂၄။ ဗဟိုကောင်စီသည် ဤဥပဒေပါကိစ္စများ အထမြောက် အောင်မြင်စေရန် ပြဋ္ဌာန်းလိုသော နည်းဥပဒေများကို ရေးဆွဲ၍ သတ်မှတ်ထားသော ဝန်ကြီးဌာနသို့ တင်ပြနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၃ (က) မှ (ဈ) အထိ၊ အပိုဒ် ၂၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၃ (က)မှ(ဈ)အထိ၊ အပိုဒ်၂၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၈)၊ အပိုဒ် ၂၅(က) မှ (ဒ) အထိ၊ အပိုဒ် ၂၆

၂၅။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အသင်း၏ စီမံခန့်ခွဲ ရေးအဖွဲ့ ဖြစ်သည်။

( ခ ) ဗဟိုကောင်စီ၏လမ်းညွှန်ချက်များနှင့်အညီ ကြက်ခြေနီအသင်းအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ရမည်။

( ဂ ) ဗဟိုကောင်စီသို့ တင်ပြမည့် အစည်းအဝေး အစီအစဉ်များကို ရေးဆွဲအတည်ပြုရမည်။

(ဃ) နှစ်စဉ်ရသုံးခန့်မှန်းခြေ ငွေစာရင်းရေးဆွဲ၍ ဗဟို ကောင်စီသို့ တင်ပြရမည်။

( င ) နှစ်စဉ်ဘဏ္ဍာရေး အစီရင်ခံစာနှင့်ဆောင်ရွက်ချက်များကို ဗဟိုကောင်စီသို့ တင်ပြအစီရင်ခံရမည်။

( စ ) အသင်း၏ ကိုယ်စား ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ လွှဲပြောင်းခြင်း၊ လက်ခံရယူခြင်း၊ ငှားရမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်သည့် အတိုင်း ပဋိညာဉ်စာချုပ် ချုပ်ဆိုခွင့် ရှိသည်။

(ဆ) အသင်းက ဝယ်ယူရင်းနှီးထားသော ငွေချေးသက်သေခံ လက်မှတ်များကို ရွေးနုတ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းတို့ကို တာဝန်ယူ ဆောင်ရွက်ရမည်။

(ဇ) အသင်းသားအမျိုးအစား၊ အသင်းဝင်ကြေး၊ နှစ်စဉ် ကြေးတို့ကို ဗဟို ကောင်စီ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

(ဈ) ရန်ပုံငွေ ရှာဖွေရန်လည်းကောင်း၊ မြန်မာကျပ်ငွေ၊ နိုင်ငံခြားသုံးငွေနှင့် ပစ္စည်းများကို လက်ခံသုံးစွဲရန်လည်းကောင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်း၊ တာဝန်သတ်မှတ်ခြင်းပြုရမည်။

(ည) အသင်းက ဝယ်ယူမည့် သို့မဟုတ် ရောင်းချမည့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ဗဟို ကောင်စီသို့တင်ပြရမည်။

(ဋ) အသင်းပိုင်ငွေ သို့မဟုတ် ပစ္စည်းဆုံးရှုံးမှုအတွက် ဘဏ္ဍာရေးစည်းမျဉ်းတွင် သတ်မှတ်သည့် တန်ဖိုးကို စာရင်းမှ ပယ်ဖျက်ရန် ဗဟိုကောင်စီသို့ တင်ပြရမည်။

(ဌ) ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ သူများကို ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများကို ချီးမြှင့်ခွင့်ရှိသည်။ နိုင်ငံတကာ အဆင့် ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်နိုင်ရေးအတွက် ထောက်ခံတင်ပြခွင့်ရှိသည်။

(ဍ) ကြက်ခြေနီလုပ်ငန်းဆိုင်ရာ ရေးရာကော်မတီများ ဖွဲ့စည်းခြင်း၊ တာဝန်သတ်မှတ်ခြင်း ပြုနိုင်သည်။

(ဎ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှု ကော်မတီနှင့် မြို့နယ်အသင်းခွဲများ ဖွဲ့စည်းခြင်းနှင့် တာဝန်သတ်မှတ်ခြင်းတို့ပြုနိုင်သည်။

(ဏ) ပြည်တွင်းပြည်ပရှိ ရည်ရွယ်ချက်တူညီသော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခွင့် ရှိသည်။

(တ) အသင်းသားအဖြစ် လက်ခံခြင်း၊ ငြင်းပယ်ခြင်း၊ အသင်းသားအဖြစ်မှ ထုတ်ပယ်ခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခွင့်ရှိသည်။

(ထ) အသင်း၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့များနှင့် စပ်လျဉ်း၍ ပြည်ပသို့ စေလွှတ်ခြင်း၊ ပြည်ပမှပုဂ္ဂိုလ်များကို ဖိတ်ခေါ်ခြင်းတို့ ဆောင်ရွက်ခွင့်ရှိသည်။

(ဒ) ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းကို ရေးဆွဲ၍ ဗဟို ကောင်စီသို့ တင်ပြရမည်။

၂၆။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စု နယ်မြေ၊ ခရိုင်၊ မြို့နယ်၊ တက္ကသိုလ်ကောလိပ်ရှိ အသင်းအဆင့်ဆင့်များအတွက် နာယကများ တင်မြှောက်ခြင်းကို အတည်ပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၅ (က) မှ (ဒ) အထိ၊ အပိုဒ် ၂၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၅ (က) မှ (ဒ) အထိ၊ အပိုဒ် ၂၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃

## အခန်း(၉)

## ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်း

၂၇။ အစိုးရအဖွဲ့သည် အသင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်း နယ်ပယ်များအတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် သင့်လျော်သော ရန်ပုံငွေလျာထားပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၈။ အသင်းသည် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို လက်ဝယ်ရယူခြင်း၊ ပိုင်ဆိုင်ခြင်းနှင့် သင့်လျော်သလို စီမံဆောင်ရွက်ခြင်းပြုနိုင်သည်။

၂၉။ အသင်းသည် ယင်း၏ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်နှင့်အညီ ထောက်ပံ့ငွေနှင့် အကူအညီများကို ပြည်တွင်း၊ ပြည်ပအစိုးရ အဖွဲ့များထံမှ ဖြစ်စေ၊ ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများထံမှ ဖြစ်စေ တစ်ဦးချင်းထံမှဖြစ်စေ၊ လက်ခံ၍ အဆိုပါသတ်မှတ်ထားသော အသင်း၏ရည်မှန်းချက်နှင့် ယေဘုယျ လုပ်ငန်းနယ်ပယ် အတွင်း၌ အသုံးပြုရမည်။

၃၁။ ဘဏ္ဍာငွေ အရင်းအမြစ်များ၊ အိမ်ခြံမြေများအပါအဝင် အသင်း၏ဥပဒေနှင့်အညီ ပိုင်ဆိုင်ပစ္စည်းများနှင့် ရန်ပုံငွေ ရှာဖွေရေးလုပ်ငန်းများမှ ဝင်ငွေများအပေါ်တွင် အခွန်အကောက်များ စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ရရှိရန် သတ်မှတ်ထားသော ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြနိုင်သည်။

၃၂။ အသင်းသို့ လှူဒါန်းသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့၏ လှူဒါန်းငွေနှင့် ပစ္စည်းများအပေါ် အခွန်ကင်းလွတ်ခွင့်ရရှိစေရန် သတ်မှတ်ထားသော ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

၃၃။ အသင်းသည် အသင်းပိုင်ပစ္စည်းများ၊ ရန်ပုံငွေများ၊ ဘဏ္ဍာငွေသုံးစွဲရေး ဆိုင်ရာကိစ္စရပ်များနှင့် လုပ်ငန်းဆောင်ရွက် ချက်များအတွက် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှင့် လုပ်ငန်း စစ်ဆေးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နှစ်စဉ်စာရင်း စစ်ဆေးခံရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၀)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈

၃၄။ အသင်းသည် ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲ သဘောတူညီချက်များ၊ အပြည်ပြည် ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီ ညီလာခံက အတည်ပြုသည့် ၁၉၉၁ ခုနှစ်၊ အမျိုးသားအသင်းများ ကြက်ခြေနီ အမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ တည်ဆဲဥပဒေနှင့်အညီ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီညီလာခံက ချမှတ်ထားသော ရည်ရွယ်ချက် အားလုံးအတွက် အဖြူရောင် နောက်ခံပေါ်တွင် အနီရောင် ကြက်ခြေခတ်ကို အသင်း၏ ကြက်ခြေနီအမှတ်အသားအဖြစ် သုံးစွဲခွင့်ရှိစေရမည်။

၃၇။ အသင်း၏အမည်၊ ရုံးတံဆိပ်နှင့်အလံကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက အသုံးပြုခြင်း နှင့် တပ်ဆင်ဖော်ပြခြင်းသည် အသင်း၏သီးသန့်မူ ပိုင်ဖြစ်သည်။

၃၈။ ကြက်ခြေနီ အမှတ်တံဆိပ်၊ အလံ၊ ကြက်ခြေနီဆက်စပ် တံဆိပ်များ၏ အရွယ်အစား အသုံးပြုရန် နည်းလမ်းများနှင့် စပ်လျဉ်း၍ ကြက်ခြေနီအမှတ်အသားနှင့် ကြက်ခြေနီ တံဆိပ်များကို လွဲမှားစွာ သုံးစွဲခြင်းမှ ကာကွယ်ရေးအတွက် မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းသည် ကြက်ခြေနီ အမှတ်အသား ဥပဒေကို သီးခြားရေးဆွဲပြဋ္ဌာန်းရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၁)၊ အပိုဒ် ၃၉

၃၉။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၃၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၃၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

မူလဥပဒေကြမ်း၏

အခန်း(၅) ကို အခန်း(၃)အဖြစ် လည်းကောင်း၊

အခန်း(၆)ကို အခန်း(၄)အဖြစ် လည်းကောင်း၊

အခန်း(၇)ကို အခန်း(၅)အဖြစ် လည်းကောင်း၊

အခန်း(၈)ကို အခန်း(၆)အဖြစ်လည်းကောင်း၊

အခန်း(၉)ကို အခန်း(၇)အဖြစ်လည်းကောင်း၊

အခန်း(၁၀)ကို အခန်း(၈)အဖြစ်လည်းကောင်း၊

အခန်း(၁၁)ကို အခန်း(၁၀)အဖြစ် လည်းကောင်း၊

အခန်း(၁၂)ကို အခန်း(၉) အဖြစ် လည်းကောင်း၊

အခန်း(၁၃)ကိုအခန်း(၁၁) အဖြစ် လည်းကောင်း ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

မူလဥပဒေကြမ်း၏

အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၃၊ အခန်း(၅)၊ အပိုဒ် ၁၅ တို့ကို ဤဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

မူလဥပဒေကြမ်း၏

ဥပဒေကြမ်းခေါင်းစဉ်၊

အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(၁)မှ(၇)အထိ(င)(စ)၊

အခန်း(၂)၊ အပိုဒ် ၃၊အပိုဒ် ၄ တို့နှင့်ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၃)၊ အပိုဒ် ၁၅(ဃ)(ည)၊

အခန်း(၅)၊ အပိုဒ် ၁၈(က)(ခ)(ဃ)(င)(စ)(ဇ)(ဈ)၊

အခန်း(၉)၊ အပိုဒ် ၃၀

အခန်း(၁၀)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊

အခန်း(၁၁)၊ အပိုဒ် ၄၀ တို့ကို မူလအဆိုပြုချက်အတိုင်း အတည်ပြုရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၂၅။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်မ ဒေါက်တာသိန်းသိန်းဌေး ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များဖြင့် တင်သွင်းထားသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ရှင်။

**အချိန်၊ ၁၁း၂၆။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၆။**

**ဦးဘိုးရယ်၊ ကယားပြည်နယ် ဆန္ဒနယ်အမှတ်(၃)**။ ။ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီးက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို အတည်ပြုပေးပါရန် အဆိုတင်သွင်းခြင်းကို ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဘိုးရယ် က ထောက်ခံအပ်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၆။**

**ဒုတိယဥက္ကဋ္ဌ**။ ။ယခုအဆိုမှာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည် ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ က အမျိုးသားလွှတ်တော် (၆၄) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၆၅) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက် နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၂၇။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၄) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၅) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင် အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၄)ရက်မြောက်နေ့ကို ၁၁း၂၈ နာရီအချိန်တွင် ရပ်နားပါသည်။]